## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၁၅)
# ပျော်ရွှင်ခြင်း၏ သော့ချက်

၁၉၄၃ ခုနှစ်တွင် ဂျပန်တပ်မတော်သည် အမေရိကန်နှင့်ဥရောပ “ရန်သူတိုင်းရင်းသားများ” ကိုသုံ့ပန်းအကျဉ်းထောင်ရှိသော ရှန်တောင်နယ်၊ တရုတ်တိုင်းပြည်တွင်ထားရှိပါသည်။ သူတို့သည် လပေါင်းများစွာပျင်းရိခြင်း၊ စိတ်ပူပန်သောကရောက်ခြင်း၊ အကျဉ်းသားများအား ကျဉ်းကျပ်စွာထားရှိခြင်းနှင့် ကြောက်ရွံ့ခြင်းစိတ်များအမျိုးမျိုးခံစားရပါသည်။ သဘောထားခြင်းမတိုက်ဆိုင်မှုကြောင့် အမျက်ဒေါသထွက်ပေါ်ရခြင်းများရှိလာပါသည်။ တစ်ဦးနှင့်တစ်ဦးမသင့်မြတ်မှုများများပြားလာသည်။ သို့ရာတွင် အကျဉ်းသားများ၏ထွက်ဆိုချက်အရ၊ မရှိမဖြစ်သော၊ အများရှိသေခြင်း၊ ချစ်ခြင်းခံရသောလူတစ်ဦးအီရက်လစ်ဒဲဆိုသူ စကော့တလန်မှခရစ်ယာန်သာသနာပြုဆရာကြီးဖြစ်ပါသည်။

ရုရှားပြည့်တန်ဆာအမျိုးသမီးတစ်ဦး၏သတိရသောထွက်ဆိုချက်အရ၊ အပြန်အလှန်ပြုစုခြင်းမခံသောသူတစ်ဦးသည် ဆရာကြီးလစ်ဒဲသာဖြစ်ပါသည်။ သူမသည် သုံ့ပန်းအကျဉ်းထောင်သို့တစ်ဦးတည်းရောက်လာသောအခါ အများသော အကျဉ်းသားတို့သည် သူမအားနှောင့်ယှက်ပြောင်လှောင်သရော်ကြသည်။ ဤကဲ့သို့မဖြစ်ရန် ဆရာကြီးလစ်ဒဲသည် သူမအတွက် အိပ်ရာစင်ကလေးတစ်ခုလုပ်ပေးပါသည်။ နောက်အကျဉ်းသားတစ်ဦး၏သတိရချက်တစ်ခုမှာ ဆရာကြီးလစ်ဒဲတွင်အပြောအဆို သိမ်မွေ့၍ စိတ်ဆိုးမာန်တက်နေသောသူတစ်ယောက်၏စိတ်ကိုပင်လျှင် ထိန်းချုပ်နိုင်သည်။ တစ်ခါသောအချိန်တွင် အကျဉ်းသားများအစည်းအဝေးတစ်ခုပြုလုပ်၍ လူငယ်များကြည့်ရှုထိန်းသိမ်းရန် အကြံပေးချက်တောင်းခံလာပါသည်။ ထိုအခါ၌ ဆရာကြီးလစ်ဒဲ၏အကြံပေးချက်မှာ လူငယ်များအတွက် ကစားဝိုင်းလက်ဖြင့်ပြုလုပ်သောအရာများ၊ ကလေးငယ်များအတွက်သင်တန်းများ၊ ညနေတိုင်း ဤလူငယ်များနှင့်အချိန်ယူကာထိန်းသိမ်းခဲ့ပါသည်။ ဆရာကြီးလစ်ဒဲမှာ ၁၉၂၄ ခုအိုလံပစ်အားကစားပွဲတွင် မီတာ ၄၀၀ ပြေးပွဲ၌ ရွှေတံဆိပ်ဆုရှင်ဖြစ်ကာ နာမည်ကျော်ကြားခဲ့သူတစ်ဦးဖြစ်ပါသည်။ သို့ရာတွင် ဤကျဉ်းကျပ်သော အကျဉ်းထောင်တွင် ခရစ်ယာန်ပြိုင်ပွဲအဖြစ် လောကသားများဖြစ်သောအကျဉ်းသားများတို့အတွက် ရိုသေလေးစားခြင်းခံရသော သူတစ်ဦးဖြစ်ပါသည်။ သူသည် အဘယ်ကြောင့် ဤကဲ့သို့အထွေအထူးဂုဏ်ကျက်သရေနှင့်အပူဇော်ခံပုဂ္ဂိုလ်ဖြစ်လာရပါသနည်း။ သူ၏ထင်ရှားသောအောင်မြင်ခြင်းသော့ချက်မှာ နံနက် (၆) နာရီတွင်သိလိုက်ရပါသည်။ သူသည်အိပ်လျက်နေသောမိတ်ဆွေများတို့၏အနားမှအသံမမြည်အောင် ခြေဖျားထောက်ကာ အနီးရှိစားပွဲခုံတစ်လုံးပေါ်တွင်မီးတိုင်ငယ်ထွန်းကာ သူ၏မှတ်စုစာအုပ်နှင့် ကျမ်းစာကိုဖတ်ရွတ်လေ့လာပါသည်။ ဆရာကြီးလစ်ဒဲသည် တစ်နေ့အတွက်ဘုရားသခင်ထံမှကျေးဇူးတော်ခွန်အားရရှိရန်နှင့် နှုတ်ထွက်စကားတော်ခွန်အားကိုရယူပါသည်။

## ၁။ ခရစ်ယာန်အသက်တာအတွက်လမ်းညွှန်စာအုပ်

သမ္မာကျမ်းစာသည် ခရစ်ယာန်များအတွက်ရေးသားသောလမ်းညွှန်စာအုပ်ဖြစ်သည်။ တကယ်လူတို့၏ဗဟုသုတနှင့် အဖြစ်အပျက်များကိုမှတ်တမ်းတင်ထားသောရာဇဝင်စာအုပ်ဖြစ်၍ ထိုကဲ့သို့သောပုဂ္ဂိုလ်များကိုသိရှိနားလည်ပြီး သူတို့၏ဗဟုသုတ

များကိုလေ့လာရန် အားပေးထားသောဗဟုသုတများဖြစ်သည်။ ဤကျမ်းစာတွင်းရှိပုဂ္ဂိုလ်များကိုသိရှိနိုင်ရန် သူတို့၏ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ သူတို့၏ အမှုအရာများ၊ သူတို့၏ အခွင့်အရေးများကိုသိရှိခြင်းဖြင့် ခရစ်ယာန်ဗဟုသုတများနှင့်အတွေးအခေါ်များ ရင့်ကျက်လာသည်။ ဆာလံဆရာဒါဝိဒ်မင်းကြီးသည် နှုတ်ထွက်ကျမ်းစာတော်မြတ်ကိုမီးမောင်းကြီးပမာထိုးပြရန် မှတ်တမ်းတင်ခဲ့ပါသည်။ "နှုတ်ထွက်စကားတော်သည် ကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏" (ဆာလံ ၁၁၉း၁၀၅)။

ကျမ်းစာတော်မြတ်မှရရှိသောတရားအလင်းအားဖြင့် ကျွန်ုပ်တို့၏ အသက်တာနှင့်အသိတရားအတွင်းလိုအပ်လျက်ရှိသော တောက်ပြောင်သည့်ဝိညာဉ်ရေးတရားများကိုထင်ရှားစွာပြသည်။ အရေးအကြီးဆုံးသောအချက်မှာ သမ္မာကျမ်းစာသည် ခရစ်တော်ဘုရားသခင်ကိုပြသည်။ ထိုဘုရားသခင်သည် လောက၏ အလင်းဖြစ်သည်။ ခရစ်တော်၏ တရားအလင်းပြတော်မူလျက် လူ၏ အသက်တာကိုတောက်ပြောင်စေနိုင်သည်။

## ၂။ ပြောင်းလဲပေးနေသောမိတ်ဆွေ

ကျမ်းစာသည် ရင်းနှီးသောမိတ်ဆွေတစ်ဦးနှင့်တစ်ဦးသို့ရေးသားသောစာကဲ့သို့ ခရစ်တော်ဖြစ်စေလိုသည်။ "ယခုမှစ၍ ငါသည် သင်တို့ကိုကျွန်ဟူ၍မခေါ်၊ ကျွန်မူကား ကိုယ့်သခင်ပြုသောအမှုကိုမသိ၊ သင်တို့ကိုအဆွေဟုခေါ်၏ ။ အကြောင်းမူကား ငါသည် ခမည်းတော်ထံ၌ကြားသမျှသောအရာတို့ကိုသင်တို့အားငါပြသ၏" (ယောဟန် ၁၅း၁၅)။ ခရစ်တော်သည် ကျွန်ုပ်တို့၌မရှိသောအကောင်းဆုံးအကျင့်ကိုလိုလားပါ၏ ။ သူ၏ နှုတ်ထွက်စကားတော်သည် ဘုရားသခင်၏ အသိုက်အဝန်းထဲသို့သိမ်းသွင်းကာ သွန်သင်ပေးပါသည်။ "သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကိုအောင်ပြီဟု မိန့်တော်မူ၏" (ယောဟန် ၁၆း၃၃)။ ဤကဲ့သို့သောငြိမ်သက်ခြင်းကိုခံစားနိုင်ရန် ခရစ်တော်နှင့်မြဲမြံသောဆက်သွယ်မှုနှင့် သူ၏ ကျမ်းစာတော်မြတ်ကိုဖတ်ရှုလေ့လာရမည်။ ကျမ်းစာသည် အမှန်တကယ် ကောင်းကင်မှပေးပို့ရေးသားသောစာဖြစ်၏ ။ ထိုကျမ်းစာကိုမဖွင့်မဖတ်ဘဲမနေပါနှင့်။ ပြောင်းလဲစေနိုင်သောသတင်းနှင့် အခြေအနေကို ထိုကျမ်းစာကသာလျှင်ပေးနိုင်၏ ။ ကျမ်းစာ၏ ထိရောက်မှုအကြောင်းနှင့်သက်သေခံချက်များကို အောက်ပါမှတ်ချက်တွင်တွေ့သိနိုင်ပါသည်။ "ကျွန်ုပ်တစ်ခုခု လိုသောအခါ ခရစ်တော်၌သာတွေ့ရှိခဲ့ပါသည်။ လိုသောအရာတစ်ခုမကျန်ဖြည့်စွက်ပေးနိုင်သည်။ ဝိညာဉ်ငတ်မွတ်ခြင်းကိုလည်း ထိုသမ္မာကျမ်းစာကသာလုံလောက်သောကျေနပ်မှုပေးနိုင်သည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်အတွက်ခရစ်တော်၏ ဖေါ်ပြချက်ဖြစ်ကြောင်းယုံကြည်လက်ခံသည်။ ကျွန်ုပ်သည် ခရစ်တော်ကိုယုံကြည်ရခြင်းမှာ သူသည် ကျွန်ုပ်အတွက်ကယ်တင်ရှင်ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည်သမ္မာကျမ်းစာကိုယုံကြည်ရသောအကြောင်းမှာ ထိုကျမ်းစာတွင်ရေးထားသောစာသားတို့သည် ဘုရားသခင်၏ အသံပမာ ကျွန်ုပ်ဝိညာဉ်အတွက်ဖြစ်သောကြောင့်ဖြစ်သည်။" (ကျန်းမာခြင်းလုပ်ငန်းစာမျက်နှာ ၄၆၁)။

## ၃။ ကျမ်းစာတွင်းရှိအသက်တာလမ်းညွှန်နှင့်ပညတ်တော် (၁၀) ပါး

ပညတ်တော် (၁၀) ပါးကိုအကျဉ်းဖြင့်ကြည့်ရှုလေ့လာခဲ့သော် ကျမ်းစာသည် လူတို့အားမရှိမဖြစ် မှန်ကန်သောနည်းလမ်းဖြင့် အသက်ရှင်နိုင်ရန် ပညတ်တော်သည် လူကိုသွန်သင်လမ်းပြကြောင်းဖေါ်ပြပါသည်။ ပညတ်တော် (၁၀) ပါးသည် အမှန်အားဖြင့် (၂) ပိုင်းရှိပါသည်။ ပထမ (၄) ခုမှာ ဘုရားသခင်နှင့်လူစပ်ကြားတွင်ရှိသောကျင့်ဝတ်များဖြစ်ပါသည်။ ဒုတိယပိုင်း (၆) ခုမှာလူလူချင်းကျင့်အပ်သောကျင့်ဝတ်များဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်းအခန်းကြီး ၂၀၊ အခန်းငယ် (၃) မှ (၇) တွင်ပညတ်တော်အကြောင်းနှင့်ပတ်သက်၍ အသေးစိတ်ရေးသားတင်ပြထားပါသည်။ ပထမပညတ်နှစ်ခုမှာ လူနှင့်ဘုရားသခင်မည်ကဲ့သို့သက်ဆိုင်၍ ဘုရားသခင်ကိုမည်သည့်နည်းဖြင့်ကိုးကွယ်ရမည်အကြောင်း တိကျပြတ်သားစွာရေးသားထားပါသည်။

(၁) "ငါမှတစ်ပါး အခြားသောဘုရားသခင်ကိုမကိုးကွယ်နှင့်၊"

(၂) "ရုပ်တုကိုကိုယ့်အဖို့မလုပ်နှင့်၊ ဦးမချဝတ်မပြုနှင့်၊"

ပညတ်တော်သုံးခုတစ်ခုနှင့်လေးခုတစ်ခုတို့မှာ ဘုရားသခင်၏နာမတော်ကိုသော်လည်းကောင်း၊ သူ၏သန့်ရှင်းသော ဥပုသ်နေ့ကိုသော်လည်းကောင်း ဖော်ပြထားသည်။

(၃) "သင်၏ထာဝရဘုရားသခင်၏နာမတော်ကို မုသားနှင့်ဆိုင်၍မမြွက်မဆိုပါနှင့်၊"

(၄) "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ထာဝရဘုရားသခင်၏ဥပုသ်နေ့ဖြစ်၏၊"

ပညတ်တော်ငါးခုတစ်ခုနှင့် ခုနစ်ခုတစ်ခုမှာ အိမ်ထောင်ရေးအဖွဲ့အစည်းကိုထိန်းသိမ်းကာကွယ်သည်။

(၅) "သင်၏မိဘကိုရိုသေလော့၊"

(၆) "သူ့မယားကိုမပြစ်မှားနှင့်၊"

ပညတ်တော်ခြောက်ခုတစ်ခု၊ ရှစ်ခုတစ်ခု၊ ကိုးခုတစ်ခုနှင့် တစ်ဆယ်ခုတစ်ခုတို့သည် လူမှုရေးအသိုက်အဝန်းအဖွဲ့အစည်းကိုကာကွယ်ထိန်းသိမ်းပေးသည်။

(၇) "လူ့အသက်ကိုမသတ်နှင့်၊"

(၈) "သူ့ဥစ္စာကိုမခိုးနှင့်၊"

(၉) "မမှန်သောသက်သေကိုမခံနှင့်၊"

(၁၀) "သူများအိုးအိမ်၊ သားမယား၊ ပစ္စည်းဥစ္စာများကို တပ်မက်လိုချင်သောစိတ်မရှိနှင့်။"

ပညတ်တော် (၁၀) ပါးသည် လူလူချင်း၊ လူနှင့်ဘုရားသခင်တို့စပ်ကြားတွင်စောင့်ရှောက်အပ်သောတရားများဖြစ်ပါသည်။ ဤတရားများတို့သည် အသက်တာလမ်းတွင်ပြည့်စွန်ထားသောသွန်သင်ချက်များဖြစ်သည်။

## ၄။ ပညတ်တော် (၁၀) ပါးနှင့်ပတ်သက်၍ ခရစ်တော်သည်မည်ကဲ့သို့မိန့်မှာထားပါသနည်း

တစ်နေ့သောအခါ ခရစ်တော်သည် လူထုတို့အားသွန်သင်ဟောကြားနေသောအခါ လူငယ်တစ်ဦးသည် ခရစ်တော်ဆီသို့ချဉ်းကပ်၍ ဆရာ၊ ထာဝရအသက်ရရန် မည်သို့ကြောင်းကျိုးကောင်းမှုကိုပြုရမည်နည်း (မဿဲ ၁၉း၁၆)။ ခရစ်တော်သည် ထိုလူငယ်၏စိတ်တွင် ငွေရေးကြေးရေးကြောင့်ဖြစ်ပေါ်လာသောအမှုအရာများကြောင့် ထိုအရာများတို့ကိုစွန့်လွှတ်ရန် "ပညတ်တော်ကိုစောင့်ရှောက်လော့" (မဿဲ ၁၉း၁၇)။

ခရစ်တော်ပေးသောအဖြေကိုရှောင်ရှားရန်နှင့် ခရစ်တော်ဆိုလိုသောပညတ်တော်များမှာ မည်သည့်ပညတ်ဖြစ်ကြောင်းမေးခဲ့လေသည်။ ခရစ်တော်သည်လည်း ပညတ်တော် (၁၀) ပါးမှ နောက်ဆုံးပညတ်နှစ်ခုကိုရှင်းပြလေသည်။ (မဿဲ ၁၉း၁၈၊ ၁၉)။

နောက်ဆုံးတွင် သူဌေးကလေးသည် စိတ်ဝါတ်ကျစွာဖြင့် ပြန်လှည့်ထွက်သွားလေသည် (မဿဲ ၁၉း၂၀–၂၂)။ သူဌေးကလေးသည် ပညတ်တော်ကိုခြိုင်ခံ၍ စိတ်တွင်လက်ခံထားသော်လည်း တိကျပြတ်သားသောစောင့်ရှောက်ရမည့်ကျင့်ဝတ္တရားများကို မိမိတစ်ကိုယ်ကောင်းစိတ်ကြောင့် ဘေးချိတ်ထားပါသည်။

ပညတ်တော် (၁၀) ပါးသည် ခြိစည်းရိုးပမာပြေလည်ပြတ်သားစွာပေါင်းသင်းနေထိုင်လုပ်ကိုင်ရန် လူနှင့်ဘုရားသခင်သော်လည်းကောင်း၊ လူနှင့်လူချင်းသော်လည်းကောင်း ကျင့်ဝတ်စောင့်ရှောက်မှုသာတိုးတက်ကြီးပွားနိုင်ကြောင်း ဖော်ပြထားပါသည်။ ခရစ်တော်ကိုယ်တိုင်နားထောင်ခြင်းဖြင့် ဝမ်းမြောက်ခြင်းအမှန်တကယ်ရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ "ငါသည်ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၍ ခမည်းတော်၏ပညတ်၌တည်သကဲ့သို့ သင်တို့သည် ငါ့ပညတ်ကိုစောင့်ရှောက်လျှင် ငါ့မေတ္တာ၌တည်နေကြလိမ့်မည်။ သင်တို့၌ဝမ်းမြောက်စရာအကြောင်းတည်စေခြင်းငှါလည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှါလည်းကောင်း ဤစကားကိုသင်တို့အားငါဟောပြော၏" (ယောဟန် ၁၅း၁၀၊ ၁၁)။

## ၅။ ပျော်ရွှင်သောအသက်တာအတွက်လမ်းညွှန်

ရှောလမုန်မင်းကြီးသည် ပျော်ရွှင်ခြင်းရရှိနိုင်ရန်နှင့် ပျော်ရွှင်ခြင်းတရားများတို့ဖြစ်သော ဒေသနာကျမ်းစာချွန်လွှာကိုရေးသားပြုစုခဲ့ပါသည်။ သူ၏မှတ်တမ်းများသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့်ပတ်သက်၍ ကြွယ်ဝချမ်းသာသောကမ္ဘာ

ကြီးထဲတွင် မည်သည့်အရာများကိုရှာဖွေရမည့်အကြောင်း မှတ်တမ်းတင်ထားသည်။ လုပခမ်းနားသောအိမ်၊ သီးနှံနှင့်ပြည့်ဝသောစပျစ်ဥယျာဉ်၊ လုပ၍ပန်းရနံ့နှင့်ပြည့်ဝသောပန်းခြံ၊ အသီးမျိုးစုံနှင့်ပြည့်ဝသောစားပင်ဥယျာဉ်များဖြစ်ပါသည်။ ကျေးကျွန်များကိုစုဆောင်းခဲ့သည်။ သူ၏ရှေ့တွင် သူ၏ဆန္ဒအရ၊ လိုလေသေးမရှိပြည့်ဝချမ်းသာခဲ့သည်။ သို့ရာတွင် ပျော်မွေ့ခြင်းကိုလိုက်ရှာ၍မတွေ့ပါ။ "ထိုအခါ ငါစီရင်ပြုပြင်သမျှ၊ ငါကြိုးစားအားထုတ်သမျှတို့ကိုငါကြည့်ရှု၍ အလုံးစုံတို့သည် အချည်းနှီးအမှု၊ လေကိုကျက်စားသောအမှုဖြစ်ကြ၏။ နေအောက်မှာကောင်းသောအကျိုးတစ်စုံတစ်ခုမျှမရှိ။

ရှောလမုန်မင်းကြီးသည် ပျော်ရွှင်မှုရရှိနိုင်ရန် ပျော်ပါးမှုပေါင်းစုံကိုရှာဖွေခဲ့ပါသည်။ ထိုသို့ရှာဖွေရာတွင် "သေရည်သေရက်၊ မိန်းမနှင့်သီချင်းများဖြင့်ပျော်မွေ့မှုရှာသော်လည်း သူ၏နိဂုံးချုပ်စကားမှာ အချည်းနှီးသက်သက်၊ အလုံးစုံတို့သည် အချည်းနှီးဖြစ်ကြသည်ဟု ဓမ္မဒေသနာဆရာဟော၏" (ဒေသနာ ၁၂း၈)။

တစ်ခါကရှောလမုန်မင်းကြီးသည် ထာဝရဘုရားသခင်၏အကြောင်းကိုသက်သေခံခဲ့သည်မှာ "ထာဝရဘုရားသခင်သည်ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့" ဟုသက်သေခံခဲ့ပါသည်။ သူ၏အသက်တာစောစောပိုင်းက ဘုရားသခင်၏ပညတ်တော်ကိုနားထောင်ခြင်းနှင့် နောက်ပိုင်းတွင်ပျော်မွေ့ခြင်းနှင့်ငြိမ်သက်ခြင်းကို ရှာခဲ့ရာ၌ ပေါ့ပေါ့တန်တန်အပြစ်အသက်တာဖြင့်နေခဲ့မိကြောင်းကိုနှိုင်းယှဉ်ထားပါသည်။ သူ၏ဆုံးဖြတ်ချက်မှာ– "အချုပ်အခြာစကားဟူမူကား ဘုရားသခင်ကိုကြောက်ရွံ့၍ ပညတ်တော်တို့ကိုစောင့်ရှောက်လော့၊ ဤရွေ့ကား လူနှင့်ဆိုင်သောအမှုအရာအလုံးစုံတို့ကိုချုပ်ခြာသတည်း" (ဒေသနာ ၁၂း၁၃)။ ရှောလမုန်မင်းကြီးသည် ပျော်ရွှင်ခြင်းနှင့်သာယာမှုကိုဖြတ်လမ်းနည်းဖြင့်ရှာဖွေတွေ့ရှိနိုင်သည်ဟုထင်ခဲ့သော်လည်း တရားမဲ့သက်သက်ဖြင့်သာအဆုံးသတ်ခဲ့ရပါသည်။ မိမိအသက်တာနောက်ဆုံးပိုင်းတွင်မှားခဲ့ကြောင်းနှင့် ရဲဝံ့စွာအပြစ်ဖော်ပြခဲ့ကြောင်းသိရှိပါသည်။ ထိုကဲ့သို့သောအမှားမျိုးမှလွတ်ကင်းစေရန် သူ၏အကြံပေးချက်မှာ "တရားတော်ကိုစောင့်သောသူမူကား မင်္ဂလာရှိ၏" (သု၊ ၂၉း၁၈)။

## ၆။ ပညတ်တော် (၁၀) ပါးသည်ဓမ္မသစ်ကျမ်းအတွက်မရှိမဖြစ်သောလမ်းညွှန်ဖြစ်၏

ဓမ္မသစ်ကျမ်းတွင် ယာကုပ်၏သက်သေခံချက်မှာ– "အဘယ်သို့နည်းဟူမူကား ပညတ်တရားအလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မှားမိလျှင် ပညတ်တရားအလုံးစုံကိုလွန်ကျူးသောအပြစ်ရှိ၏။ သူ့မယားကိုမပြစ်မှားနှင့်ဟု ပညတ်တော်မူသောသူက လူ့အသက်ကိုမသတ်နှင့်ဟု ပညတ်တော်မူသေး၏။ သို့ဖြစ်၍ သင်သည် သူ့မယားကိုမပြစ် မှားဘဲနေသော်လည်း လူ့အသက်ကိုသတ်လျှင် ပညတ်တရားကိုလွန်ကျူးသောသူဖြစ်၏။ လွတ်ခြင်းတရားအတိုင်းစီရင်ခြင်းကိုခံရလတ္တံ့သောသူကဲ့သို့စကားပြောခြင်း၊ အမှုပြုခြင်းကိုစီရင်ကြလော့" (ယာကုပ် ၂း၁၀–၁၂)။

ချာ(လ်)စပါဂျီရန်၊ နာမည်ကြီးသောနှစ်ခြင်းဓမ္မဆရာကြီး၏ဆုံးဖြတ်ချက်မှာ ပညတ်တော်သည် ထာဝရဘုရားသခင်၏ပညတ်ဖြစ်၏။ သန့်ရှင်း၏၊ ကောင်းကင်နှင့်သက်ဆိုင်၏၊ ပြည့်စုံခြင်းရှိ၏။ ထိုပညတ်တွင် တားမြစ်မှုများများမရှိပါ။ လိုသည်ထက်ပိုသောတားမြစ်မှုမရှိပါ။ အခြားပညတ်များနှင့်နှိုင်းယှဉ်စာနာကြည့်ပါသော် ထိုပညတ်၏ပြည့်စုံမှုသည် ဘုရားသခင်၏ထံမှလာသောပညတ်ဖြစ်ပါသည်။

ဂျွန်ဝက်စလေ၊ မက်သဒစ်အသင်းတော်ကြီးကိုတည်ထောင်ခဲ့သောပုဂ္ဂိုလ်ကြီးက ပညတ်တော်သည် ထာဝရကာလအတွက်ရှိကြောင်းနှင့် ခိုင်မာသောသဘောသဘာဝကိုပြကြောင်းဖော်ပြသည်။ "ပညတ်တော် (၁၀) ပါးရှိကြောင်း၊ ခရစ်တော်သည် မည်သည့်ပညတ်တစ်ပါးပါးကိုမျှမပယ်ဖျက်ကြောင်း၊ ပညတ်တော် (၁၀) ပါးစလုံးသည် လူသားအားလုံးအတွက် ထာဝရကာလရှိနေကြောင်းနှင့် စောင့်ရှောက်ရမည့်အကြောင်းဖော်ပြခဲ့သည်။"

ဘီလီဂရာဟင်၊ ကမ္ဘာကြီးတွင်နာမည်အကြီးဆုံးတရားဟောဆရာကြီး၏မှတ်ချက်မှာ– ပညတ်တော်သည် အလွန်အရေးကြီးကြောင်းကိုသိရှိနားလည်ခဲ့သောကြောင့် ပညတ်တော်အကြောင်းနှင့်ပတ်သက်၍ စာအုပ်ကြီးတစ်အုပ်ကိုပြုစုရေးသားခဲ့ပါသည်။

## ၇။ ပညတ်တော်ကိုနားထောင်နိုင်သောတန်ခိုးခွန်အား

ပညတ်တော်နှင့်သမ္မာကျမ်းစာသည် ဘယ်သောအခါမျှပြောင်းလဲခြင်းမရှိနိုင်ပါ။ လူသားများအတွက်မရှိမဖြစ်သောအရာနှစ်ခုဖြစ်သည်။ ဝမ်းမြောက်ခြင်း၊ သာယာခြင်းအတွက်စုံလင်ပြည့်စုံသောလမ်းညွှန်ဖြစ်သည်။ သို့ရာတွင် လူ၏

နှလုံးသားထဲတွင် အမြဲတမ်းဆိုသလို ဆန့်ကျင်လိုသောသဘောရှိသည်။ အမျိုးသမီးတစ်ဦး၏သဘောထားမှာ “ကျွန်မသည် ပညတ်တော် (၁၀) ပါးကိုမစောင့်မဖြစ်ဟုယုံကြည်သည်။ စောင့်ရှောက်ခြင်းဖြင့် ပျော်ရွှင်မှုနှင့်သာယာမှုကိုပေးကြောင်း တိကျစွာသိသည်။ ကျွန်မသည် အစွမ်းကုန်စောင့်နိုင်ရန်ကြိုးစားခဲ့သော်လည်းမရခဲ့ပါ။ ထို့ကြောင့် ကျွန်မသည် မည်သူမျှ မစောင့်နိုင်ကြောင်းကိုကျွန်မယုံကြည်မိသည်။

သဘာဝလူနှင့် သဘာဝစိတ်ထားတို့သည် ဘုရားသခင်၏ပညတ်တော်ကိုနားထောင်လိုသောအသက်တာနှင့် စိတ်ထားရှိပါသည်။ သို့ရာတွင် ထပ်ခါတလဲလဲမှားခဲ့သောသူအတွက် စိတ်ဓါတ်ကျဆင်းခဲ့ကြောင်းသိလာ၍ “ငါမစောင့် နိုင်ကြောင်း” ဟုအဖြေပေးတတ်ပါသည်။ ဘာကြောင့်ပေးရပါသနည်း။ အဖြေမှာ– “ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်။ ထိုမျှမကမလိုက်နိုင်” (ရောမ ၈း၇)။ ပညတ်တော် (၁၀) ပါးကိုမည်သည့်အကြောင်းကြောင့်စောင့်ရှောက်ရပါသနည်း။ “ထိုသို့ပညတ်တရားသည် အပြစ်ကိုထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်ရာ။” (ရောမ ၃း၂၀)။

ပညတ်တော်၏တာဝန်လုပ်ငန်းများမှာ အပြစ်သားတစ်ဦးသည် ကယ်တင်ခြင်းရရှိနိုင်ရန် မျှော်လင့်ချက်လုံးဝမရှိကြောင်းကိုပြရုံသာမကဘဲ သခင်ခရစ်တော်ကယ်တင်ရှင်ဖြစ်ကြောင်းကိုသတိပေး၊ အသိပေးခြင်းလည်းဖြစ်သည်။ “ထို့ကြောင့် ငါတို့သည်ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှါ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏အထိန်းဖြစ်သတည်း။” (ဂလာတိ ၃း၂၄)။

ခရစ်တော်သည် ပညတ်တော်စောင့်ရှောက်ရာ၌ ခက်ခဲခြင်းများတို့ကိုဖြေရှင်းပေးသည်။ လူသည် မိမိခွန်အားဖြင့် ပညတ်တော်ကိုမစောင့်ရှောက်နိုင်၍ ခရစ်တော်ခြေရင်းတော်သို့ရောက်ရှိလာသောအခါ ယုံကြည်ခြင်းအားဖြင့် အပြစ်ဖြေလွှတ်ခြင်းကိုခံရ၍ ကိုယ်တော်၏ထံမှခွန်အားတန်ခိုးရရှိကာ ပညတ်တော်ကိုစောင့်နိုင်သောစွမ်းရည်သတ္တိရရှိပါသည်။

## ၈။ မေတ္တာရှိသောနားထောင်ခြင်းသည် ပညတ်တော်ကိုစောင့်ရှောက်နိုင်သည်

မေတ္တာတော်ထားရှိခြင်းကြောင့် နားထောင်ခြင်းဖြစ်ပေါ်လာကြောင်း ခရစ်တော်ပြောကြားခဲ့ပါသည်။ “ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့” (ယော ၁၄း၁၅)။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်လျှင် သူ၏ပထမပညတ်တော် (၄) ပါးကိုစောင့်ရှောက်မည်ဖြစ်သည်။ ထိုပညတ်တရား (၄) ပါးသည် လူစောင့်ရှောက်သင့်သောတရားများဖြစ်သည်။ ကျွန်ုပ်တို့သည်လူများကိုချစ်လျှင် ကျန်သောပညတ်တော် (၆) ပါးကိုလူလူချင်းစောင့်ထိန်းအပ်သောတရားဖြစ်သောကြောင့် ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ပညတ်တော် (၁၀) ပါးကိုကျူးလွန်လျှင် ထိုသူ၌အပြစ်ရှိ၏။ “အပြစ်ကိုပြုသောသူမည်သည်ကား ပညတ်တော်ကိုလွန်ကျူး၏။ အပြစ်သည်ကား ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း” (၁ယော ၃း၄)။ သို့ရာတွင် ကျွန်ုပ်တို့၏ကယ်တင်ရှင်ခရစ်တော်ဘုရားသခင်သည် ဤလောကသို့ကြွ၍ အသေခံတော်မူသောကြောင့် ကယ်တင်ခြင်းတရားကိုပေးပြီး အပြစ်တရားကိုအောင်နိုင်ကြောင်းပြသည်။ “ကိုယ်တော်သည် ငါတို့၏အပြစ်များကိုဆောင်သွားခြင်းငှါ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏” (၁ယော ၃း၅)။ ကျွန်ုပ်တို့၏ခရစ်တော်ဘုရားသခင်သည် အပြစ်ကိုဖြေလွှတ်ပေး၍ အပြစ်မှသန့်စင်ပေးပါ၏ (၁ယော ၁း၉)။ ထို့နောက် ကိုယ်တော်သည်သူ၏မေတ္တာကိုပေး၍ သူ၏မေတ္တာဖြင့် အပြစ်ကို အောင်နိုင်ခြင်းအခွင့်ပေး၏။ ဘုရားသခင်သည် သူ၏မေတ္တာတော်ကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့သွန်းလောင်းပေး၏။ “အဘယ်ကြောင့်နည်းဟူမူကား ငါတို့အားပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့သွန်းလောင်းတော်မူ၏” (ရောမ ၅း၅)။ ကျွန်ုပ်တို့၏ကိုယ်စိတ်အတွင်းတွင် ကိုယ်၏စွမ်းအားဖြင့် ပညတ်တော်ကိုစောင့်နိုင်သောအစွမ်းတန်ခိုးမရှိပါ။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့သွန်းလောင်းပေးသော ဘုရားသခင်၏မေတ္တာတော်သည်ကား ပညတ်တော်ကိုစောင့်ထိန်းနိုင်သောအစွမ်းခွန်အားကိုပေးတော်မူ၏။

## ၉။ ဘုရားသခင်၏ကျေးဇူးတရားနှင့်ပညတ်တော်ကိုနားထောင်ခြင်း

ကယ်တင်ခြင်းသည် ဘုရားသခင်ပေးသောဆုလက်ဆောင်ဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်ပေးသောဆုလာဘ်ဖြစ်သည်။ ကျေးဇူးတရားအားဖြင့် ယုံကြည်ခြင်းဖြင့်သာရရှိသည်။ “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း“ (ဧဖက် ၂း၈)။

ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရားအားဖြင့် ပညတ်တော်ကိုမစောင့်ထိန်းနိုင်ပါ။ ကြိုးစား၍လည်းစောင့်ထိန်း၍မရပါ။ ပညတ်တော်စောင့်ခြင်းဖြင့်လည်း ကယ်တင်ခြင်းမရနိုင်ပါ။ သို့ရာတွင် ခရစ်တော်ထံသို့ ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ မိမိကိုယ်ကိုအပ်နှံဆက်ကပ်ခြင်းဖြင့်လည်းကောင်း လာခဲ့လျှင်ကယ်တင်ခြင်းကိုရနိုင်ပါသည်။ ထိုကဲ့သို့သောယုံကြည်ခြင်းနှင့် ဆက်ကပ်ခြင်းသည် ကျွန်ုပ်တို့၏စိတ်တွင် ဘုရားသခင်၏မေတ္တာတော်နှင့်ပြည့်ဝမှသာလျှင် ကယ်တင်ခြင်းရနိုင်မည်။ ထို့ကြောင့် ဘုရားသခင်၏ကျေးဇူးတရားကိုယုံကြည်လက်ခံခြင်းနှင့် ဘုရားသခင်၏အစီအစဉ်များကိုနားထောင်ကျင့်သုံးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နားထောင်ခြင်းဖြင့် တန်ခိုးခွန်အားရရှိကာ ခရစ်တော်၏မေတ္တာတော်ကိုလက်တွေ့ကျင့်သုံးမှသာ ကယ်တင်ခြင်းရမည်ဖြစ်ပါသည်။ (ရောမ ၅း၅)။

ပေါလု၏သွန်သင်ချက်အရ လူ၏ကြိုးစားမှုသည် ထိရောက်မှုမရှိသောကြောင့် (ပညတ်တော်ကိုစောင့်ရန်ခဲယဉ်းသောကြောင့်) ပညတ်တော်အောက်တွင်မရှိကြောင်း၊ ကျေးဇူးတရားအောက်တွင်သာရှိကြောင်းဟုဆိုရာ၌ "ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် ပညတ်တရားလက်အောက်၌မရှိ၊ ကျေးဇူးတရားလက်၌ရှိသောကြောင့် အပြစ်ကိုပြုရမည်လော၊ ထိုသို့မပြုရ" (ရောမ ၆း၁၅)။

ဘာကြောင့်နည်းဟုမေးလျှင် မေတ္တာဖြင့်ပြည့်သောနှလုံးသားသည် နားထောင်ခြင်းရှိသောအသက်တာကိုပြုပြင်ပြောင်းလဲပေးသည် (ရောမ ၁၃း၁၀)။ ခရစ်တော်ကိုချစ်ခြင်းသည် သူ၏သွန်သင်ချက်နှင့်ပညတ်ကိုနားထောင်ခြင်းဖြင့် လိုက်လျှောက်ခြင်းဖြစ်၏။ "ငါ့ပညတ်တို့ကိုရ၍ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည်ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်ဟုမိန့်တော်မူ၏" (ယောဟန် ၁၄း၂၁)။

ဆရာကြီးအီးရစ်လစ်ဒဲ၏လက်တွေ့ပြသချက်တစ်ခုမှာ ဘုရားသခင်နှင့်ထိရောက်စွာအကျွမ်းဝင်ခြင်းအားဖြင့် တင်းတိမ်ခြင်းနှင့်နားထောင်ခြင်းအသက်တာကိုပေးကြောင်းပြသည်။ ၎င်းဆရာကြီး၏လက်တွေ့ပြသသောဘုရားသခင်၏ကျေးဇူးတရားသည် စိတ်သောက၊ ကိုယ်သောကရောက်သောအချိန်အခါဖြစ်စေ၊ ကြောက်ရွံ့ဖွယ်ရာရောက်သောအချိန်အခါဖြစ်စေ ဘုရားသခင်၏ကျေးဇူးတရားကြောင့် သာယာခြင်းနှင့်နှစ်သိမ့်ခြင်းရရှိနိုင်မည်။ ဘုရားသခင်၏မေတ္တာတော်သည် ခရစ်တော်နှင့်ပူးပေါင်းကာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နားထောင်ခြင်းမရှိသောသူများတို့အတွက် ဖြောင့်မတ်ခြင်းတရားရနိုင်ရန် ပညတ်တော်ကိုစောင့်ရှောက်လိုသောနားထောင်ခြင်းကိုပေးသည်။ (ရောမ ၁း၁–၄)။ ကယ်တင်ရှင်သခင်ခရစ်တော်နှင့်စည်းရုံးပေါင်းဖက်သောမေတ္တာနှင့်သာ အကောင်းဆုံးခရစ်ယာန်၏အသက်တာကိုဖြစ်စေနိုင်သည်။

ဤပညတ်တော်နားထောင်ခြင်းတရားကိုသင်တွေ့ရှိပါပြီလား။ ခရစ်တော်၏မေတ္တာတွင် သင်၏နားထောင်ခြင်းမရှိသောကြောင့် သူ၏အသက်တာကိုအပြစ်ကြောင့်အသေခံရသည်ကိုသင်သိပါသလား။ ခရစ်တော်နှင့်အတူပူးပေါင်းယှဉ်တွဲရန် သူ၏မေတ္တာတန်ခိုးကိုပေးခြင်းဖြင့် ခပ်သိမ်းသောပညတ်တော်များကိုနားထောင်နိုင်ရန်ပေးပါသည်။ (ဟေဗြဲ ၁၃း၂၁)။

သင်၏တုံ့ပြန်မှုကိုမည်ကဲ့သို့အဖြေပေးပါမည်နည်း။

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၅) အဖြေလွှာ
## ပျော်ရွှင်ခြင်း၏သော့ချက်

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။ အချို့မေးခွန်းများသည် အားလုံးမှန်သည်။

၁၊၂။ ကျမ်းစာသည်
------ ကျမ်းစာတွင်တကယ့်အဖြစ်အပျက်များနှင့်ပြည့်စုံသောပုံပြင်များရှိသည်။
------ ကျမ်းစာသည် မိတ်ဆွေရင်းချာမှလာသောစာကဲ့သို့ဖြစ်သည်။

၃။ ပညတ်တော်ဆယ်ပါး
------ ပညတ်တော်သည် ကျမ်းစာသွန်သင်သောအချက်များကို အချုပ်ပြုလုပ်ထားသည်။
------ ပညတ်တော်သည် ဖြောင့်မှန်သောနည်းလမ်းကိုပြသည်။

ပညတ်တော်လေးပါးသည်
------ ကျွန်ုပ်တို့ပြုအပ်သောကျင့်ဝတ် (ဘုရားသခင်နှင့်ဆိုင်ရာကျင့်ဝတ်)။
------ လူများနှင့်သက်ဆိုင်သောကျင့်ဝတ်။

၄။ ခရစ်တော်သည် သူဌေးကလေးအားအကြံပေးသည်မှာ–
------ ပညတ်တော်ဆယ်ပါးသည် ဓမ္မဟောင်းအချိန်နှင့်သာသက်ဆိုင်သည်။
------ ပညတ်တော်စောင့်ရှောက်ရန်ဖြစ်သည်။

၅။ ခရစ်တော်၏သွန်သင်ချက်အရ၊ ပညတ်တော်ပေးခြင်းသည်–
------ ကျွန်ုပ်တို့ကိုချုပ်ချယ်ရန်။
------ ပျော်ရွှင်သောအသက်တာအတွက်ကူညီရန်။

၆။ ဓမ္မသစ်ကျမ်းအရပညတ်တော်များသည်–
------ အရေးကြီးသည်။
------ ခေတ်မမီတော့ပါ။

၇၊၈။ ပညတ်တော်ကိုပေးရသောအကြောင်းရင်းမှာ–
------ အပြစ်ပြုရန်နှင့် ပန်းတိုင်မီရန် ကျွန်ုပ်တို့ခွန်အားဖြင့်ကြိုးစားရန်။
------ အပြစ်ကိုပြရန်နှင့် ကျွန်ုပ်တို့ကိုအပြစ်မှကယ်တင်သောခရစ်တော်ထံသို့ပို့ရန်။

၉၊၁၀။ လူသည် မည်သည့်အရာဖြင့်ကယ်တင်ခြင်းရပါသနည်း။
------ ခရစ်တော်၏သေခြင်း၊ ထမြောက်ရှင်ပြန်ခြင်းနှင့် ယုံကြည်ခြင်းဖြင့် ကျေးဇူးတရားကြောင့် ကယ်တင်ခြင်းရ၏။

------ ပညတ်တော်စောင့်ရန်မလိုပါ။

------ ခရစ်တော်ကိုချစ်ခြင်းဖြင့် အလိုအလျောက်ပညတ်တော်စောင့်သည်။

**နှလုံးသားမေးခွန်း**

ခရစ်တော်သင်၏နှလုံးသားပေါ်မှာပညတ်တော်ရေးပေးရန်လိုလားပါသလား။

-ဝ-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**-----------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**---------------------------------

**နယ်**--------------------------------

**ကိုးကွယ်သည့်ဘာသာ**--------------------